


# အမှာစာ

မိဘတွေရင်ထဲကို အဆုံးစွန်အထိ ထိုးဖောက် ဝင်ကြည့်ပြီး နားလည်လာတဲ့တစ်နေ့မှာ သားသမီးတိုင်း မိဘကျေးဇူးကို ပြန်ဆပ်နိုင်ဖို့ ရည်ရွယ်ပြီး ဒီ "ရွှံ့ရုပ်"ဆိုတဲ့ စာအုပ်ကလေးကို အသက်သွင်းရခြင်း ဖြစ်ပါတယ်။

"ရွှံ့ရုပ်ကို ဖတ်ပြီး

ငိုရတယ် ... မျက်ရည်ကျရတယ် ဆိုရင်

ကျွန်မမှာ အပြစ် ရှိပါတယ်

ကျွန်မရဲ့ အဖေ မြိတ်တင်အောင်မှာလည်း တာဝန်ရှိပါတယ်

ဘာလို့လဲဆို အဖေက ကျွန်မကို Drama ရေးရင်

သိပ်ကျေနပ်တာလေ.......

Drama တောင်မှာ Heavey Drama မှကြိုက်တာ ..

အနုပညာ ဖန်တီးမှု သက်သက်ဆိုပေမယ့်

ဒီကမ္ဘာပေါ်မှာ

သားသမီးမသိအောင် ကြိတ်ပြီး ကျနေတဲ့

မိဘတွေရဲ့ မျက်ရည်တွေ

နေရာတိုင်းမှာရှိနေမှာပါ ...

ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင်

ကျွန်မ တောင်းချင်တဲ့ ဆုက တစ်ဆုတည်းပါ

မိဘတိုင်း

မျက်ရည်မိုးတွေ စဲပါစေလို့ ....

**မူပိုင်နှင်းဆီ**

♥ ♥ ♥

# ရွှံ့ရုပ်

မိုးကောင်းကင်မှာ ကြယ်တွေစုံညီနေသည်။ မြောက်ပြန်လေတိုက်ပြီး ချမ်းချမ်းစီးစီးရှိတဲ့ ဒီလိုလေတွေမှာ တောင်သူတွေ လုပ်ငန်းခွင်ထဲက ပြန်ရောက်တာနှင့် ထမင်းစောစောစားပြီး စောစီးစွာ အိပ်တတ်ကြသည်။

ခြေတံရှည်တဲ့ လယ်စောင့်တဲကလေးတစ်လုံးမှာ မရင်ငွေ့တို့ မိသားစုခုနှစ်ယောက် နေထိုင်ကြသည်။

ဘာအဆောင်အယောင်မှ မရှိတဲ့ ပကတိ အဖြူထည်ဘဝလေးမှာ မရင်ငွေ့ မက်မောတာဆိုလို့ သားသမီးဆိုတဲ့ ရတနာလေးတွေပါ။

သားငါးယောက်ရှိတာကို သူမ အလွန်ဂုဏ်ယူသည်။ တစ်နှစ်ကြီး တစ်နှစ်ငယ် နှစ်နှစ်ငယ် သားလေးတွေ ရှိရင်နေရင်ပဲ သူမဘဝ ပြီးပြည့်စုံနေသည်ဟု ထင်သည်။

မရင်ငွေ့ရင်ထဲမှာ နို့စို့ပြီး မှေးနေတာက အငယ်ဆုံးသားလေး နီတွတ် …. အမေ့လက်ချောင်းကို သူ့လက်ကလေး တစ်ဖက် နှင့် ဆုပ်ထားသည်။

နို့ညှာလေး တုံတုံက အနားမှာထိုင်ပြီး သူ မစို့ရတော့တဲ့ နို့ကို အစားဝင်စို့နေတဲ့ သူ့ညီလေးကို ငေးပြီး ကြည့်နေရှာသည်။ ဒီလို မြင်ရပြန်တော့လည်း မရင်ငွေ့ စိတ်မကောင်းပါ။

"သားလေး …. ချို့စို့ချင်လို့လား"

တုံတုံကလေးက အံ့သြဝမ်းသာသွားပြီး ခေါင်းကလေး ညိတ်ပြသည်။ ခမျာ နှစ်နှစ်ကျော်ကလေးပဲ ရှိသေးတာဆိုတော့ စို့ချင်ရှာမှာပေါ့။ ကလေးနီးလို့ သာ ထမင်းရည်ကို တိုက်ပြီး နို့ဖြတ်လိုက်ရတာ ။

"လာ .. သား … ဒီဘက်က လာစို့"

သားတွေ အတွက်ဆို မေတ္တာတရားက တစ်ပြေးညီ ရှိသည်။ အာဟာရ

မပြည့်လို့ ပိန်လှီနေပေမယ့် သူမရဲ့ နို့ရည်ဟာ မေတ္တာစာတ်တွေ လွှမ်းခုံနေတဲ့အတွက် ကလေးတွေ အာဟာရဖြစ်စေမည် ဟု သူမ ယုံကြည့်ပါသည်။

ငါးနှစ်ကျော်ပြီ ဖြစ်သော အကြီးဆုံးသားလေး စာဝါက သူ့အောက် ညီလေးနှစ်ယောက် ဖြစ်တဲ့ စုဘူးနှင့် ဘောလုံးကို ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရသော ကြယ်ကလေးတွေကို ခေါ်ပြီး ပြနေသည်။

“ဝါး .. ကြယ်တွေ .... ကြယ်တွေ ... အားကြီးပဲနော် ကိုကို”

စုဘူးက အံ့ဩပြီး အထူးအဆန်းဖြစ်ကာ ထအော်သည်။ သုံးနှစ်ကျော် ဘောလုံးကလေးက သူ့အစ်ကို နှစ်ယောက် ကြည့်သလို ကြယ်တွေကို လိုက်ကြည့်နေသည်။

စာဝါက သူ့မေမေကို လှမ်းခေါ်ပြီး ကြယ်ကလေးတွေကို ပြသည်။

“မေမေရေ ... မေမေမြင်လားဟင် ကြယ်ကလေးတွေ အများကြီးပဲနော်”

မရင်ငွေ့က သားကြီးကို ကြည်နူးစွာ ပြုံးပြီး ကြည့်သည်။ ဒီအရွယ်ကို ဆိုတာမျိုးကို စူးစမ်းလေ့လာ သင်ယူတဲ့အရွယ်ပေးကိုး။ စာဝါလေးက ဘာမဆို သချင်တတ်ချင်သည်။

မေးခွန်းတွေကို သူလိုချင်တဲ့အဖြေ မရမချင်း ချက်ကျလက်ကျ မေးတတ်သည်။ သူလက်ခံနိုင်အောင် အကျိုးသင့်အကြောင်းသင့် ရှင်းပြမှ ကျေနပ်သူ ဖြစ်သည်။

“မိုးကောင်းကင်ဆိုတာ ကြယ်ကလေးတွေ စုံမှ တင့်တယ်တာသားရဲ့၊ မေမေလိုပေါ့ .... ဟောဒီ သားကလေးတွေ ရှိမှ မေမေ့ဘဝ ပြည့်စုံနေတာလေ ”

“ဟင် ... ဒါဆို သားတို့က ကြယ်ကလေးတွေပေါ့ ”

မျက်လုံး တောက်တောက်လေးတွေနဲ့ မေးလည်း မေးတတ်တဲ့ သားလေး။

"ဒါပေါ့ သားရဲ့"

မရင်ငွေ့က အိပ်ပျော်နေပြီဖြစ်သော နီတွတ်လေးကို သူ့အဖေကို စံလှအောင် နံဘေးမှာ ချခဲ့ပြီး တုံတုံကလေးကို ချီလာကာ စာဝါတို့နံဘေးမှာ လာထိုင်သည်။

"အဲဒီ ကြယ်ကလေးတွေကို မေမေ နာမည်ပေးမယ်နော်၊ ဟော ဟိုက ကြယ်ကလေးက စာဝါတဲ့"

"စုဘူးရေ .... မှတ်ထားနော်၊ အဲဒီ ကြယ်က ကိုကိုတဲ့"

စာဝါလေး ပျော်နေသည်။

မရင်ငွေ့က ခပ်လှမ်းလှမ်းမှ ကြယ်ကလေးကို ထိုးပြပြီး

"ဟိုကြယ်ကလေးက စုဘူး ... နောက်ကြယ်ကလေးက ဘောလုံး၊ ဟိုဘက်က တုံတုံ ... ဟိုးကြယ်ပိစိကလေးက နီတွက် .. ဟုတ်ပြီနော်"

စုဘူးနှင့် ဘောလုံးက အမေပါးကို ဘယ်တစ်ယောက် ညာတစ်ယောက် နမ်းလေသည်။

စာဝါလေးက မကျေမနပ်ဖြစ်ကာ

"မေမေ .... ညီလေးတွေကို သားအနားမှာ ကပ်ကပ်ကလေး ထားတာမဟုတ်ဘူး၊ ဘာဖြစ်လို့ ဟိုးအဝေးမှာ ထားရမှာလဲ"

မရင်ငွေ့က သဘောပေါက်သွားပြီး

"မေ့လို့ပါသားရယ်၊ သားမကြိုက်ရင် မေမေ ပြန်ရွှေ့ပေးမယ်နော် ... ကဲ ...ကြီးစဉ်ငယ်လိုက် တန်းစီပြီး ပြန်မှည့်ပေးမယ်"

ကပ်လျက်ရှိသော ကြယ်ကလေး ငါးလုံးကို စာဝါ၊ စုဘူး၊ ဘောလုံး၊ တုံတုံ၊ နီတွတ်လို့ ပြောင်းပေးလိုက်မှ စာဝါလေး ကျေနပ်သွားသည်။

"ဟို သားအမိတွေ အိပ်ကြတော့လေ .. ငါတော့ ငါ့သား နီတွက်လေးကို ဖတ်ပြီး အိပ်တော့မယ်၊ သူ့ကိုယ်လေးက နွေးနေတာပဲ "

"ရှင်သာ စောစောအိပ်ပါ ကိုရင်ရယ် ... မနက်စောစော ထပြီး ကျွန်မ ကလေးတွေ အတွက် ဟင်းစား ငါးလေး သွားရှာပေးစမ်းပါ၊ ဘုရားသိကြားမလို့ လယ်ငါးခူလေးတွေ ရပါစေတော်၊ သူတို့ခမျာ နေ့တိုင်းလို ငါးပိရည်နဲ့က ကန်းစွန်းရွက်ပဲ စားနေရတာ "

ကိုစံလှအောင် အသံတိတ်သွားသည်။ စိတ်မကောင်း ဖြစ်သွားပြီ ထင်သည်။ သက်ပြင်းချသံ သဲ့သဲ့ကို ကြားလိုက်ရသည်။

"မင်းမပြောလည်း ငါ့သားတွေကို ငါ ကျွေးချင်ပါတယ်ကွာ၊ တစ်ခါတစ်လေကျတော့ ဖြစ်ချင်ရာဖြစ် ငွေများများရတဲ့အလုပ် လုပ်ချင်လာတယ် ရင်ငွေ့ရယ် ... ဒါမှ ငါ့သားလေးတွေက အဆိုဂမ်းစိုရှိလာမှာ ... ငါတို့ ပညာမတတ်ခဲ့လို့ ရွှံ့တွေ ဗွက်တွေ ထဲမှာ အခုထိ ရုန်းကန်နေရတုန်း... ဒါတောင်မှ ငတ်တစ်လှည့် ပြတ်တစ်လှည့် ရယ် ... သားလေး စာဝါကို ရှေ့နှစ်ကျရင် ကျောင်းထားနိုင်အောင် လုပ်ရမယ်"

"သားကို ကျောင်းထားဖို့ ကျွန်မလည်း ငွေကို ခြစ်ခြုတ်ပြီး စုနေပါတယ် ..ကိုရင် ... ဒီသားကလေးတွေ နေတတ်ရေတတ်မှာ မွေးတဲ့အတွက် ထွန်းထွန်းပေါက် ပေါက် ဖြစ်မှာ ကျွန်မ ယုံတယ် .. ရှင့်ကို တစ်ခုပဲ ပြောချင်တယ် .. ကျွန်မတို့ သားအမိအတွက်နဲ့တော့ ဘုရားမကြိုက် နတ်မကြိုက်တဲ့အလုပ်တွေ လုပ်ပြီး ရှာမကျွေးပါနဲ့ ... အခု ရှင်ရှာကျွေးတဲ့ ထမင်းက သန့်ရှင်းတော့ ကျွန်မတို့ အားလုံး အာဟာရ ဖြစ်တာပဲ မဟုတ်လား"

မရင်ငွေ့က လင်ဖြစ်သူကို အားပေးတတ်ပြီး ရောင့်ရဲတတ်သော ပါရမီ ပြည့်ဖတ် ဖြစ်သည်။ ဆင်းဆင်းရဲရဲ နေရလို့လည်း ဘယ်သောအခါမှ ငြူစူတတ်သူ မဟုတ်ပါ။

“အေးပါကွာ း.. ငါလည်း စကားအဖြစ် ပြောကြည့်တာပါ၊ ကလေးတွေ သိပ်လိုက်တော့ မရင်ငွေ”

နီတွတ်ကလွဲပြီး ကျန်းကလေး လေးယောက်စလုံးသည် သူတို့အမေ၏ သီချင်းသံ မကြားလျှင် မအိပ်တတ်ကြပါ။ မရင်ငွေ့က ကလေးတွေကို သူ့ရင်ခွင်ထဲမှာ ထွေးပွေ့ထားပြီး သူမ ဆိုနေကျ သားချော့တေးကို စပြီး ဆိုဖြစ်ပါသည်။

**(သားချော့တေး)**

လယ်ကွင်းထဲမှာ ရှိနေတာ

အမေ့ရဲ့ အိမ်ကလေး

ခြေတံကလေးရှည်

အမိုးက ယိုလို့ ကြမ်းပေါက်တယ်

အမေ့သားလေးတွေ ရှိနေရင်

ပြီးပြည့်စုံတဲ့ ဘဝလေးပါ

ရှစ်ပါးမကတဲ့ လောကဓံတွေ

လာစမ်းပါ့လေ့စေ

ခါးစည်းခံဖို့ ရင်ကိုဖွင့်ကာ

ဘာမှ မမှုဘူး

အမေ မကြောက်ဘူးကွယ်

လယ်ကွင်းထဲက

ရှုံ့တွေဟာ

တစ်နေ့နေ့မှာတော့

အသွင်ပြောင်းကာ

အမေ ပုံစံသွင်းမယ် ရှုံ့ရုပ်တွေ

ကမ္ဘာကျော်မယ့် ရှုံ့ရုပ်တွေ

တစ်ကျော့ပြီး တစ်ကျော့ ပြန်ပြန်ဆိုသော သီချင်းသံ အဆုံးမှာ ကလေးတွေ အားလုံး အိပ်မောကျကုန်ပါသည်။ တစ်ယောက်ချင်းစီကို ခြင်ထောင်ထဲ သွင်းရင်း သူတို့ကလေးတွေရဲ့ ပါးလေးတွေကို ညင်သာစွာ နမ်းရှိုက်မိသည်။ မရင်ငွေ့အတွက်တော့ ထိုအပြုအမူကလေးသည် မနက်ဖြန်အတွက် ခွန်အားဖြစ်စေပါသည်။

အပြစ်ကင်းလိုက်ကြတာ … ချစ်စရာကလေးတွေ၊ အိပ်နေလိုက်ကြတာလည်း အတုန်းအရုံးပါပဲလား။ ရှုံ့ရုပ်ကလေး ငါးရုပ်ကို သူမ ဘယ်လို ပုံသွင်းမလဲ။

မရင်ငွေ့ နားထဲတွင် ရွာထဲမှ သားဖွားဆရာမ ပြောလိုက်သော စကားတစ်ခွန်းကို ကြားယောင်လာသည်။

“ကလေးတွေကို လူ့ဘဝထဲခေါ်ပြီး တာဝန်ကျေရင် အလကားပဲ မရင်ငွေ့ … သူတို့ကို ညှင်းဆဲသလို ဖြစ်တော့မှာပေါ့ … ရှင် သားဆက်ခြားသင့်ပြီနော်”

ပထမ ကြားစမှာ နားထဲမှာ ခါးချင်သည်။ ကိုယ့် ဗိုက်နဲ့ ကိုယ်မွေးတာပဲ သူ့အပူမှတ်လို့ဟု ကွယ်ရာတွင် ပြောမိသည်။

တစိမ့်စိမ့် ပြန်တွေးကြည့်တော့လည်း ဟုတ်နေသလိုပဲ။

မပြည့်စုံတဲ့ ဘဝထဲမှာ ပြည့်စုံခြင်းတွေကို ချက်ချင်း

ဆောင်ကြဉ်းပေးနိုင်မှာမှ မဟုတ်တာ။ ဒါဆို နောင်တစ်ချိန်ကျရင် ကော … ဟင်းအင်း … ဝါးတားတားပါပဲ …

နောက်ထပ် ကလေး ထပ်မယူတော့ဘူးဟု သူမ ဆုံးဖြတ်လိုက်ပါသည်။ ရှိတဲ့ ကလေးတွေကိုပဲ ပိုပြီး ပြည့်စုံအောင် ထားနိုင်ဖို့၊ ကျွေးမွေးနိုင်ဖို့ ကိုရင်နဲ့အတူ ငွေဝိုင်းရှာဖို့ စိတ်ပိုင်းဖြတ်ပြီး ချိန်တွင် သူမ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့ပါသည်။

♥ ♥ ♥

မရင်ငွေ ဆုတောင်းပြည့်ပါသည်။ ဘုန်းကြီးတွေ ဆွမ်းခံထွက်သော အချိန်တွင် ကိုစံလှအောင် ပြန်လာသည်။ သူ့လက်ထဲတွင် ဆွဲလာသော လယ်ငါးခူတွဲကို လှမ်းမြင်ရသော အခါ သားတွေ မှာ ပျော်လွန်းလို့ ဆွေ့ဆွေ့ခုန်နေသည်။

“ညီလေးတို့ရေ … ငါးတွေ အများကြီးပဲနော်.. ဒီနေ့ ကိုကိုတို့ ငါးဟင်း စားရတော့မယ်ဟေ့”

စာဝါက သူ့အဖေ လက်ထဲမှာ ရှိတဲ့ တစ်ထွာကျော်ကျော် လယ်ငါးခူလေးတွေကို ကြည့်ပြီး ပြောတော့ စုဘူးနှင့် ဘောလုံးက ဆော့နေရာမှ ချက်ချင်း ဗိုက်ဆာလာပုံရသည်။

“မေမေရေ … မေမေ ဗိုက်ဆာပြီ … ဟင်း မြန်မြန် သွားချက်တော့”

“သားလေးတွေ ဗိုက်ဆာရင် မေမေ ချက်ကျွေးမှာပေါ့ .. ခဏလေးစောင့်နော်”

ကိုစံလှအောင် သူ့လက်ထဲမှ ငါးတွေကို မရင်ငွေ့လက်ထဲ ထည့်ပေးရင်း

“ရင်ငွေ့ … ငါ့သားလေး နီတွတ်ရော…”

"နို့တွေ နင်းကန်စို့ပြီး ပြန်အိပ်နေပြီ ရှင့်၊ ကိုရင် … ရှင် တုံတုံလေးကို ခဏကြည့်ပေးထားနော်"

"အေးပါကွာ … မင်းဟင်းချက်ပြီးမှ ငါအဝတ်တွေ လျှော်လိုက်မယ်"

သွေးနုသားနု ဆိုတဲ့ အသိလေးကြောင့် ကိုစံလှအောင်က သူမကို အဝတ်ပင် ပေးမလျှော်ပါ။

သူဟာ ငွေတွေ အများကြီး မရှာတတ်တာကလွဲရင် သူမအတွက်တော့ လင်ယောကျာ်းကောင်းတစ်ယောက် ဆိုတာ သေချာသည်။

အနေစုတ်ပေမယ့် စာနာစိတ်အပြည့်ရှိတဲ့အတွက် မရင်ငွေ့ ကျေနပ်ပါသည်။

လယ်ငါးခူလေးတွေ ကြော်ပြီး ကွပ်ရှလာချိန်တွင် မရင်ငွေ့သည ထမင်းကို ဇလုံကြီးနှင့် အပြည့်ထည့်ကာ မနက်ကတည်းက ချက်ထားသောချဥ်ပေါင်ဟင်းရည်ကို ဆမ်းပြီး ငါးပိရည် နည်းနည်း ခပ်ထည့်လိုက်သည်။ ငါးခူကြော်ကို အသားတွေ နွှာပြီးသောအခါ အကြီး သုံးယောက်ကို လှမ်းခေါ်သည်။

"စာဝါရေ … သား … ညီလေးတွေ ခေါ်ခဲ့တော့ဟော့၊ မေမေ ထမင်းခွံ့ကျွေးမယ်"

"ဟုတ်ကဲ့ပါ .. မေမေ"

တုံတုံကလေးက သူ့အဖေပေါင်ပေါ်မှာ ထိုင်နေရာမှ ထမင်းဇလုံလည်း မြင်ရော အပြေးကလေး ရောက်ချလာသည်။ ဒီကလေးက စကားပြောနှေးပေမယ့် အကင်းပါးသည်။

အရိပ်ပြလျှင် အကောင်မြင်သည်။

ခုလည်း ကြည့်လေ။ သူ့အစ်ကိုတွေထက် ဦးအောင် အမေရှေ့မှာ

လာထိုင်ပြီး နေရာယူထားသည်။

မရင်ငွေလို အမေမျိုး ရှားသည်။

ကလေးတွေကို ထမင်းခွံ့ကျွေးတဲ့အခါ ဇလုံကြီးတစ်လုံးထဲမှာ မရှိရှိတဲ့ ဟင်းနှင့် နယ်ဖတ်ပြီး ကိုယ်တိုင်ကျွေးရမှ ကျေနပ်သူ ဖြစ်သည်။

ရော့ .. ထမင်းစားကြတော့ ဆိုပြီး ပြီးစလွယ် ချကျွေးတတ်တဲ့ အမေမျိုး မဟုတ်ပါ။

သူမစိတ်ထဲမှာ သားတွေကို တစ်ချိန်တည်း အတူတူ ဗိုက်ထဲပြည့်စေချင်သည်။

ကိုစံလှအောင်ကတော့ ဆေးပေါ့လိပ်ကြီးခဲပြီး သူတို့သား အမိတွေကို ကြည်နူးစွာ ပြုံးကြည့်နေသည်။

သူ့အရင်ခွံ့ပါ … ငါ့အရင်ခွံ့ပါ နှင့် ငါးရူကြောင် တန်ခိုးနှင့် ခါတိုင်းနေ့တွေထက် ပိုပြီး ဆူညံနေသည်။

“ရော့ စာဝါပြီး ရင် .. စုဘူးအလှည့် ”

စာဝါလေးက ထမင်းကို ပလုပ်ပလောင်း ဝါးနေရင်းမှ

“မေမေ … သား ဖေကြီးနဲ့ ဘုန်းကြီးကျောင်းမှာ စားရတဲ့ ထမင်းက သိပ်ကောင်းတာပဲ သိလား၊ ဒီထမင်းနဲ့ ဟိုထမင်းက ဘာကွာလို့လဲဟင် ”

သားလေး စာဝါက ဆန်ကြမ်းနှင့် ပေါ်ဆန်းမွှေးကို ခွဲခြားတတ်နေပြီ။

ခက်တာက ပေါ်ဆန်းဆိုတာမျိုးက မြင်သာမြင်ရ မကြင်ရတဲ့ အမျိုးလေ….. စပါးဈေးကောင်းနေလို့ ကိုယ့်ဝေစုရတဲ့ ပေါ်ဆန်းတွေကို ရောင်းပြီး သားတွေအတွက် လိုအပ်တာ ဖြည့်ဆည်းပေးနေရသည်။

တံငါသည် ငါးအကောင်း မစားရသလို တောင်သူတွေ

ဆန်ကောင်းမစားရတတ်တဲ့ လောကသဘာဝကို သားလေးနားလည်အောင် သူမ ဘယ်လို ရှင်းပြရမလဲ

“မေမေ … မံမံချားမယ်”

တုံတုံလေးအော်မှ သူမစိတ်တွေ ပြန်ပြီး စုမိသွားသည်။

“ဘုန်းကြီးကျောင်းမှာ အလှူလုပ်လို့ ကျွေးတဲ့ထမင်းက ပိုပြီး ကောင်းမှာပေါ့ သားရယ် … မေမေတို့ အိမ်မှာတော့ ကွာမှာပေါ့ကွယ်”

“ဒါဆို သားတို့ နေ့တိုင်း ဘုန်းကြီးကျောင်းမှာပဲ သွားစားတော့မယ်”

“အို … ဒီကလေးဟာလေ … ဟင်း … ဟင်း … ကိုရင် ဒီမှာ ရှင့်သားတွေကို ကြည့်ပြောပါဦး”

မရင်ငွေ့က သားတွေ အပြောကို သဘောကျစွာ ရယ်နေသည်။

“ဒီအမေနဲ့ ဒီသားတွေ ဟုတ်တော့ နေပါပြီ”

ကလေးအဝတ်တွေ၊ အနှီးတွေကို ဇလုံထဲထည့်ပြီး အဝတ်လျှော်ဖို့ ပြင်နေသော ကိုစံလှအောင်က

“ရင်ငွေ့ရေ …. ငါ အဝတ်လျှော်ပြီးမှ စားတော့မယ်ကွာ .. မင်းဆာရင် စားနှင့်နော် …. တော်ကြာ နီတွတ်လေး နိုးလာဦးမယ်”

လင်မယားနှစ်ယောက် ထမင်းလက်စုံ မစားရတာ ဘယ်လောက် ကြာနေပြီလဲ။ ဒီလိုပဲ ကလေးတွေကို အလှည့်ကျထိန်းရင်း ကြုံသလို စားနေရတာ ။

စံလှအောင်ဆိုတဲ့ ယောကျာ်းက ငွေသာ မရှိတာ၊ မိန်းမကို ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် ထားချင်သောသူ ဖြစ်သည်။

ချို့တဲ့ တာကလွဲပြီး မိန်းမ စိတ်ဆင်းရဲအောင် လုပ်တတ်သူ မဟုတ်ပါ။ ရွှေတွေ၊ ငွေတွေ ပုံပေးထားပြီး မိန်းမကွယ်ရာမှာ ဖောက်ပြန်နေတတ်တဲ့ တချို့သော

ယောကျာ်းတွေနှင့် စာလျှင် ကိုရင် က ကတိသစ္စာ တည်ကြည်သူ ဖြစ်သည်။

ထိုအချက် တစ်ခုတည်းနှင့်တင် ... မရင်ငွေ့သည် ကိုရင့် အတွက် ဂုဏ်ယူမဆုံး ဖြစ်ရသည်။

♥ ♥ ♥